# မြန်မာနိုင်ငံအတွက် ဘေးဒဏ်ခံလူထုအပေါ် စုပေါင်းတာဝန်ခံယူခြင်း မဟာဗျူဟာ

# ၂၀၂၅-၂၀၂၆ ခုနှစ်

## နောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံတွင် ပဋိပက္ခများအရှိန်မြင့်တက်လာခြင်းကြောင့် အစုအပြုံလိုက်နေရပ်စွန့်ခွာရမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး၊ ဘေးဒဏ်ခံပြည်သူများ၏ လက်ရှိ ထိခိုက်လွယ်မှုများကို ပိုဆိုးစေကာ လူသားချင်းစာနာမှုလိုအပ်ချက်များ ဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့်တုံ့ပြန်ရေးလုပ်ငန်းစီမံချက် (HNRP 2024) အရ မြန်မာနိုင်ငံတွင် အကူအညီလိုအပ်နေသည့် ပြည်သူ (၁၈.၆) သန်းရှိနေပြီး၊ ယင်းတို့အနက် ၅၂% မှာ အမျိုးသမီးနှင့် မိန်းကလေးများ၊ ၃၂% မှာ ကလေးသူငယ်များနှင့် ၁၃% မှာ မသန်စွမ်းသူများဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြထားသည်။

မြန်မာနိုင်ငံ ပြည်သူများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်၍ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအရ ကြီးမားသည့် အကျပ်အတည်းများကို ရင်ဆိုင်နေခဲ့ရပြီး၊ ယင်းအကျပ်အတည်းများကြောင့် လူသားချင်းစာနာမှု၊ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဘက်ပေါင်းစုံတွင် ကျယ်ပြန့်စွာ ဖြစ်စေခဲ့သည်။ နေရပ်စွန့်ခွာရမှုမှာ လျော့နည်းသွားသည်ဟူ၍ မရှိဘဲ၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့ အထိ စာရင်းများအရ လူဦးရေ (၃၄၄၁၂၀၀) ဦးခန့်သည် နေရပ်စွန့်ခွာနေရပြီး၊ ယင်းတို့အနက် (၃၁၆၃၇၀၀) ဦးခန့်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလက တပ်မတော်အာဏာသိမ်းပြီးနောက်ပိုင်းတွင် နေရပ်စွန့်ခွာခဲ့ရခြင်းဖြစ်သည် ((UMHCR, 2024)။ အထူးသဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်းတွင် ပဋိပက္ခများ ပိုမိုကျယ်ပြန့်လာချိန်မှစ၍ နေရပ်စွန့်ခွာရမှုများ ရုတ်တရက်မြင့်တက်လာခဲ့ရာ လွန်ခဲ့သော (၁၂) လ ကာလတစ်ခုတည်းအတွင်း၌ပင် နေရပ်စွန့်ခွာရမှုစုစုပေါင်း၏ ၄၀% သို့မဟုတ် နေရပ်စွန့်ခွာရသူလူဦးရေ (၁၄၅၂၀၀၀) ဦး ရှိခဲ့သည်။ ဤအခြေအနေသည် တားမြစ်ကန့်သတ်မှုကြီးမားသည့် လုပ်ငန်းဆောင်ရွက်မှုပတ်ဝန်းကျင်ကြောင့် ပိုဆိုးနေပြီး၊ ပြည်သူများ၏ ရွှေ့လျားသွားလာမှုနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုများမှာ အကြီးအကျယ်လျော့နည်းနေကာ၊ ဖုန်းနှင့်အင်တာနက်ဝန်ဆောင်မှု ပြတ်တောက်မှုများကလည်း လူသားချင်းစာနာမှုလုပ်ငန်းများကို ထိခိုက်နေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီသွားလာရေးနှင့် လူသားချင်းစာနာမှုလုပ်ငန်းပတ်ဝန်းကျင်ကို လုပ်ငန်းဆောင်ရွက်မှုများ တားဆီးခံရခြင်းကဲ့သို့သော အကြောင်းအချက်များစွာတို့က ဟန့်တားနေပါသည်။ ဝေးလံခေါင်းပါးသောဒေသများ၊ တောင်ပေါ်ဒေသများ၊ တောတွင်းဒေသများမှ ပြည်သူများသည် လုံခြုံမှုမရှိသည့် ပဋိပက္ခဒေသများသို့ နေရပ်စွန့်ခွာနေကြရပြီး၊ ပဋိပက္ခများနှင့်ဆက်စပ်၍ လမ်းပိတ်ဆို့မှုများ၊ စစ်ဆေးရေးဂိတ်များ၊ ခရီးသွားလာမှု ကန့်သတ်ချက်များကို ဖြစ်စေပါသည်။

ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများမှာ ဆိုးရွားပြင်းထန်ပြီး၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရနိုင်သည့် အန္တရာယ်များ မြင့်တက်နေကာ၊ ခွဲခြားဆက်ဆံခံရခြင်း၊ ခေါင်းပုံဖြတ်ခံရခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းအန္တရာယ်များ ပိုမိုများပြားလာသည်။ လူမှုဆိုင်ရာ

ဖွံ့စည်းတည်ဆောက်မှုများနှင့် အကူအညီစနစ်များ ပျက်စီးသွားခြင်း၊ ဥပဒေစနစ်ကို လက်လှမ်းမီမှုနည်းသွားခြင်းတို့ကလည်း ဤအခြေအနေကို ပိုဆိုးလာစေသည်။ လက်ရှိတွင် မလုံခြုံမှုများ ဖြစ်ပေါ်နေခြင်းနှင့်အတူ၊ အဓိကဝန်ဆောင်မှုများ ပြတ်တောက်နေခြင်းနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး အခက်အခဲများကြောင့်၊ အိမ်ထောင်စုများသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်နှင့် စားနပ်ရိက္ခာ၊ အခြေခံဆေးဝါးကုသမှု၊ လုံလောက်သော အမိုးအကာ၊ အိမ်ထောင်စုအတွက် အဓိက ထောက်ပံ့ပစ္စည်းများကို လက်လှမ်းမီရရှိနိုင်ရန် ရုန်းကန်နေကြရသည်။ မုတ်သုန်ရာသီကြောင့် လတ်တလောဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများနှင့် ရာဂီမုန်တိုင်းကြောင့် ထိခိုက်မှုများသည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ အန္တရာယ်ဖြစ်နိုင်ခြေအလွန်မြင့်မားနေမှုကို မီးမောင်းထိုးဖော်ပြခဲ့သည်။ မြန်မာနိုင်ငံရှိ မြို့နယ် (၇၀) မှ ပြည်သူ တစ်သန်းကျော်သည် ရေကြီးမှုကြောင့် ထိခိုက်ခဲ့ရပြီး (OCHA, 2024)၊ အခြေခံအဆောက်အဦများ၊ နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကြီးမားစွာ ထိခိုက်ပျက်စီးခဲ့ရသည်။ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များ၏ ပေါင်းစပ်သက်ရောက်မှုကြောင့် နိုင်ငံတစ်ဝှမ်းတွင် ရရှိထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ဆုံးရှုံးခဲ့ရသည်။

အထက်တွင် မီးမောင်းထိုးဖော်ပြထားသည့် အခြေအနေဆိုင်ရာ ပြဿနာရပ်များကြောင့် ဘေးဒဏ်ခံလူထုအပေါ် တာဝန်ခံယူခြင်း (AAP) သည် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးအတွက် အရေးအကြီးဆုံးသော အချက်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး၊ လူသားချင်းစာနာမှုစီမံကိန်းများတွင် အကူအညီ၏ ထိရောက်မှုတိုးတက်စေရေးနှင့် အခွင့်အရေးအခြေခံသည့် နည်းလမ်းကို မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာ၌ ခွဲခြား၍ မရနိုင်သော တာဝန်ယူမှုများ ရှိစေရန် တွန်းအားပေးနေပါသည်။ IASC က ၂၀၁၇ ခုနှစ်တွင် အတည်ပြုခဲ့သည့် ပြန်လည်မွမ်းမံထားသော ကတိကဝတ် (၅) ရပ်အနက် ဦးဆောင်မှုမှာ ကတိကဝတ်တစ်ခုဖြစ်သည်။ ဤကတိကဝတ်ကို အထောက်အကူပြု၍ ဆက်လက်ထိန်းသိမ်းထားရန်နှင့် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအားလုံးတွင် AAP ကို ထည့်သွင်းပါဝင်စေမည့် အဆင့်များကို တက်ကြွစွာဖြင့် ဆောင်ရွက်ရန်အတွက် အဆင့်အားလုံး၌ ဦးဆောင်မှုကို လိုအပ်ပါသည်။ Grand Bargain လက်မှတ်ရေးထိုးသူများ၏ ကတိကဝတ် (၂၀၁၆ ခုနှစ်) တွင် AAP သည် အဓိကကတိကဝတ်တစ်ခုအဖြစ် ပါဝင်ပြီး၊ နိုင်ငံအဆင့် လူသားချင်းစာနာမှုအဖွဲ့ (HCT) နှင့် ပိုမိုလက်တွဲဆောင်ရွက်ခြင်းအားဖြင့် တုံ့ပြန်ရေးလုပ်ငန်း ဦးဆောင်မှုနှင့် အစုအဖွဲ့/ကဏ္ဍအလိုက် ဦးဆောင်မှုတို့၏ အရေးကြီးသော အခန်းကဏ္ဍကို အားဖြည့်ပေးထားသည်။

မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအခြေခံအဆောက်အဦအတွင်းတွင်၊ ဘေးဒဏ်ခံလူထုအားတာဝန်ခံယူခြင်း (AAP) နှင့် ရပ်ရွာလူထုနှင့်လက်တွဲဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့သည် အောက်ပါတို့ကို ဆောင်ရွက်ရန်အတွက် ၂၀၂၄ ခုနှစ် CERF ရန်ပုံငွေကို ရရှိခဲ့သည် -

- ရှုပ်ထွေးလှသော ဝင်ရောက်ကူညီရေးအခက်အခဲများရှိနေသည့် အနောက်မြောက်ပိုင်း (NW) နှင့် အရှေ့တောင်ပိုင်း (SE) ဒေသနှစ်ခုတို့တွင် ရပ်ရွာလူထုကို အခြေပြုသည့် ချိတ်ဆက်ဆောင်ရွက်မှုများ (သတင်းအချက်အလက် ပံ့ပိုးပေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ တုံ့ပြန်အကြံပြုချက်ရယူခြင်း)ဖြင့် လူသားချင်းစာနာမှုဆိုင်ရာ သတင်းအချက်အလက်စနစ်များကို ခိုင်မာအားကောင်းစေခြင်း။
- စီမံကိန်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များကို လွှမ်းမိုးရန်အတွက်လည်းကောင်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့်၌ ရပ်ရွာလူထုက စာရွက်စာတမ်းဖြင့် မှတ်တမ်းတင်၍ အတည်ပြုဆောင်ရွက်သည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများအား အသိပေးလမ်းညွှန်ရန် အတွက်လည်းကောင်း ဒေသအလိုက်ရယူသည့် အကြံပြုချက်များအား စနစ်တကျအသုံးပြုနိုင်ရေးအတွက် စုပေါင်း AAP စနစ်များနှင့် လုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း။
- မြန်မာနိုင်ငံ၏ AAP လုပ်ငန်းများအား နိုင်ငံအဆင့်တွင် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေးအတွက် AAP/CE လုပ်ငန်းအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးကို အကူအညီ ထောက်ပံ့ပေးခြင်း။

AAP လုပ်ငန်းအဖွဲ့သည် နိုင်ငံအဆင့် လူသားချင်းစာနာမှုအဖွဲ့ (HCT) ၏ ကာကွယ်စောင့်ရှောက်ရေးနှင့် ဒေသအလိုက်ပိုင်းခြားဆောင်ရွက်ရေး မဟာဗျူဟာများကို အထောက်အကူပြုရန်အတွက် ရပ်ရွာလူထုအခြေခံသည့် အဖွဲ့အစည်းများနှင့် ဒေသခံမိတ်ဖက်အဖွဲ့များအားလုံးပါဝင်စေရေးကို ဦးစားပေးထားသည်။ ယင်းအဖွဲ့များစွာတို့က AAP ဝန်ဆောင်မှုများအား အကောင်အထည်ဖော်ဆောင်ရာ၌ AAP အသိပညာမလုံလောက်ခြင်း၊ AAP ကို နားလည်မှု မလုံလောက်ခြင်း၊ ဝန်ထမ်းနှင့် အရင်းအမြစ်များ မရှိခြင်း၊ ဘာသာစကားအတားအဆီးများရှိခြင်းစသည်တို့အပါအဝင် အတားအဆီးများစွာရှိနေကြောင်း ဖော်ပြခဲ့ကြသည်။ အထက်တွင်ဖော်ပြထားသည့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့စဉ်တွင် AAP လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များထံမှ စုဆောင်းရရှိခဲ့သည့် အကြံပြုချက်များကို ရပ်ရွာလူထုဟာစ်သံစင်မြင့် (Community Voices Platform) သို့ ထည့်သွင်းခဲ့ပြီး၊ စုပေါင်း CFM လုပ်ငန်းများတွင် ပါဝင်ကူညီခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ ဘေးဒဏ်ခံလူထုအားတာဝန်ခံယူခြင်းဆိုင်ရာ နိုင်ငံအဆင့် လုပ်ငန်းအဖွဲ့ (AAP WG) သည် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွင် တာဝန်ခံယူမှုကို စုပေါင်းမြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ AAP WG ကို၂၀၂၀ ခုနှစ်တွင် HCT ၏ အတည်ပြုချက်အရ အစုအဖွဲ့များအကြားပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ICCG) ၏ အောက်တွင် တည်ထောင်ခဲ့ပြီး၊ အဖွဲ့ဝင်အေဂျင်စီများကလည်းကောင်း၊ အစိုးရအပါအဝင် ပိုမိုကျယ်ပြန့်သော လူသားချင်းစာနာမှုအသိုက်အဝန်းကလည်းကောင်း လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အဆင့်အားလုံးတွင် သက်ဆိုင်ရာ စံချိန်စံညွှန်းများအား သတ်မှတ်ပြဌာန်းရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို ဦးတည်၍ ဆောင်ရွက်ပါသည်။ ၂၀၂၄ ခုနှစ်တွင် မတူကွဲပြားသည့် ဒေသန္တရအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်တို့မှ အဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အေဂျင်စီ (၄၅) ခုမနည်းသည် AAP WG အစည်းအဝေးများသို့ ပုံမှန်တက်ရောက်ခဲ့သည်။ လတ်တလောတွင် AAP WG ၏ လုပ်ငန်းများအား

ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်စွမ်းရှိစေရေးအတွက် အရပ်ဖက်အဖွဲ့အစည်းများ၊ INGOs များနှင့် ကုလသမဂ္ဂအေဂျင်စီများကို ကိုယ်စားပြုသည့် နိုင်ငံအဆင့် ပူးတွဲဥက္ကဋ္ဌ (၃) ဦးကို ရွေးချယ်ထားသည်။ တစ်ချိန်တည်းတွင် ပြည်နယ်/ဒေသကြီးအဆင့် AAP WG ကို ခိုင်မာအားကောင်းစေရန်နှင့် AAP နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရန်အတွက် အနောက်မြောက်ပိုင်းဒေသနှင့် အရှေ့တောင်ပိုင်းဒေသတို့အတွက် အကြီးတန်းအရာရှိ (Senior Field Associates) နှစ်ဦးကိုလည်း ခန့်အပ်ထားပြီးဖြစ်သည်။

ဤမဟာဗျူဟာသည် မြန်မာနိုင်ငံရှိ AAP/CE လုပ်ငန်းအဖွဲ့က လမ်းညွှန်နေသည့် (အစုအဖွဲ့များ/ကဏ္ဍများအတွင်းနှင့် အစုအဖွဲ့များအကြား/ကဏ္ဍများအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ အပါအဝင်) လက်ရှိအဖွဲ့များနှင့် အဓိကပါဝင်ဆောင်ရွက်သူများ၏ အကူအညီဖြင့် HCT က ဦးဆောင်သည့် နိုင်ငံအလိုက် AAP လုပ်ငန်းများအား ဖော်ထုတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို သေချာစေပြီး၊ IASC ၏ စုပေါင်း AAP မူဘောင် (၂၀၂၃ ခုနှစ်) နှင့်ကိုက်ညီပါသည်။ ဤမဟာဗျူဟာသည် ပြည်သူကို ပိုမို ဗဟိုပြု၍ ပိုမိုတုံ့ပြန်နိုင်သော လူသားချင်းစာနာမှုလုပ်ငန်းများကို ပေးအပ်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံအဆင့် စနစ်များကို အထောက်အကူပြုပြီး လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံး၏ အရည်အသွေး၊ တာဝန်ခံယူမှုနှင့် ထိရောက်မှုတို့ကို တိုးတက်စေမည်ဖြစ်သည်။ ထို့အပြင် ၂၀၂၄ ခုနှစ် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက်၏ မဟာဗျူဟာ ရည်ရွယ်ချက် အမှတ်စဉ် (၁) နှင့်လည်း ကိုက်ညီပါသည်။ ယင်းမဟာဗျူဟာရည်ရွယ်ချက်တွင် လူ့အခွင့်အရေးများ၊ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို လေးစားရန် တိုးမြှင့်ဆောင်ရွက်ခြင်းအပါအဝင် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတစ်လျှောက်လုံး၌ ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုဆောင်ရွက်ပြီး၊ တစ်ချိန်တည်းတွင် ဘေးဒဏ်ခံပြည်သူများအတွက် ကာကွယ်စောင့်ရှောက်ရေးအန္တရာယ်များကို သတ်မှတ်ဖော်ထုတ်ရန်၊ စောင့်ကြည့်စစ်ဆေးရန်၊ လျှော့ချရန်နှင့် ဖြည့်ဆည်းပေးရန် မီးမောင်းထိုးဖော်ပြထားသည်။

**ရည်မှန်းချက်ပန်းတိုင်** - လုပ်ပိုင်ခွင့်ရရှိထားသည့် ရပ်ရွာလူထုသည် ဘေးကင်းလုံခြုံသော၊ အားလုံးပါဝင်သော၊ တုံ့ပြန်မှုရှိသော၊ ထိရောက်သော စီမံကိန်းဆောင်ရွက်မှုများကို တက်ကြွစွာဖြင့် ပုံဖော်ပြီး၊ ယင်းစီမံကိန်းများတွင် လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများကို တာဝန်ခံယူမှု ရှိစေရန် ဆောင်ရွက်နိုင်ရမည်။

**ရည်ရွယ်ချက်** - လူသားချင်းစာနာမှုစီမံကိန်းစက်ဝန်းတစ်လျှောက်လုံးတွင် AAP ဆိုင်ရာ အခြေခံစည်းမျဉ်းများကို ပေါင်းစည်းထည့်သွင်းမည့် မူဘောင်တစ်ခုကို တည်ထောင်ရန်။

**မဟာဗျူဟာ၏ မျှော်မှန်းရလဒ်များ**

**မျှော်မှန်းရလဒ် (၁) – စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေများ၊ လိုလားနှစ်သက်သည့် အကူအညီများ၊ ဆက်သွယ်ပြောကြားခြင်းနှင့် လက်တွဲဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်စေရေးအတွက် လေ့လာဆန်းစစ်မှုများနှင့် စုပေါင်းစီမံချက်ရေးဆွဲခြင်းတို့အပါအဝင်**

**အသင့်ပြင်ဆင်ရေးလုပ်ငန်းများတွင် မတူကွဲပြားသည့် ရပ်ရွာလူထုအဖွဲ့များ၊ ဒေသခံပါဝင်ဆောင်ရွက်သူများနှင့် စနစ်တကျဖြင့် စဉ်ဆက်မပြတ်ချိတ်ဆက်ဆောင်ရွက်နေရမည်။**

လုပ်ငန်း (၁-၁) - ဘေးဒဏ်ခံပြည်သူများက ဆုံးဖြတ်ချက်များကို လွှမ်းမိုးနိုင်စွမ်းရှိစေမည့် စုပေါင်း AAP စနစ်များကို အရှိန်မြှင့်တင်ဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်များကို မြေပုံဆွဲလေ့လာရန်နှင့် လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ဒေသခံနှင့် ပြည်တွင်းရှိ လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

လုပ်ငန်း (၁-၂) - အကြံပြုချက်နှင့် တိုင်ကြားချက်များပေးခြင်းအတွက်လည်းကောင်း၊ ရပ်ရွာလူထု၏ တုံ့ပြန်ရေးစွမ်းရည်အတွက်လည်းကောင်း ဘေးကင်းလုံခြုံပြီး တုံ့ပြန်မှုရှိသော စနစ်များ/လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ထုတ်၍ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်း။

လုပ်ငန်း (၁-၃) – ဘေးဒဏ်ခံပြည်သူများနှင့် အဓိပ္ပါယ်ပြည့်ဝစွာဖြင့် ပုံမှန်လက်တွဲဆောင်ရွက်ရေးနှင့် အေဂျင်စီများအကြားပေါင်းစပ်ညှိနှိုင်းရေးကို ကူညီပေးရန်အတွက် သင့်တော်သော ဘဏ္ဍာရေးနှင့် လူ့စွမ်းအား ရင်းမြစ်များ ရရှိနိုင်အောင် ပြုလုပ်ပေးခြင်း။

လုပ်ငန်း (၁-၄) - ဘေးဒဏ်ခံပြည်သူများက နှစ်လမ်းသွားပြောဆိုဆွေးနွေးမှုများ၊ ရပ်ရွာလူထု အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်များနှင့် တုံ့ပြန်ရေးအကြောင်း သင်ယူလေ့လာ၍ လိုက်လျောညီထွေ ပြောင်းလဲဆောင်ရွက်မှုများမှတဆင့် လူသားချင်းစာနာမှုတုံ့ပြန်ရေးကို ပုံဖော်ရာတွင် ချိတ်ဆက်ပါဝင်နိုင်ရေးအတွက် ကူညီပေးနိုင်သော အေဂျင်စီများစွာပါဝင်သည့် လုပ်ငန်းစဉ်များနှင့် လက်တွေ့ကျသော နည်းလမ်းများကို အားဖြည့်၍ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း။

**မျှော်မှန်းရလဒ် (၂) – ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည့် လိုအပ်ချက်ဆန်းစစ်မှုများနှင့် သရုပ်ခွဲဆန်းစစ်မှုများသည် ဘေးဒဏ်ခံရပ်ရွာလူထုအဖွဲ့များ၏ စွမ်းဆောင်ရည်များ၊ သတင်းအချက်အလက်လိုအပ်ချက်များနှင့် လိုလားနှစ်သက်သည့် ဆက်သွယ်ပြောကြားရေးနည်းလမ်းများကို ထင်ဟပ်ဖော်ပြနေရမည်။**

လုပ်ငန်း (၂-၁) – ရပ်ရွာလူထု၏ အကြံပြုချက်များ၊ အမြင်များ၊ ကဏ္ဍများစွာပါဝင်သည့် လိုအပ်ချက်ဆန်းစစ်မှုများမှ စုဆောင်းရရှိသည့် ဘေးဒဏ်ခံပြည်သူများ၏ အမြင်များကို ကိုယ်စားပြုနေသည့် သက်သေ အထောက်အထားများကို စုစည်းခြင်း။

လုပ်ငန်း (၂-၂) – HCT/ICCG/အလှူရှင်တို့၏ ဆုံးဖြတ်ချက်များ၊ လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းစီမံချက်၊ အခြားသော လိုအပ်ချက်ဆန်းစစ်ခြင်းလုပ်ငန်းများနှင့် စာရွက်စာတမ်းများကို အသိပေးလမ်းညွှန်ရန်အတွက် တုံ့ပြန်ရေးလုပ်ငန်းတစ်ခုလုံးတွင် ရပ်ရွာလူထု၏ တုံ့ပြန်အကြံပြုချက်များ၊ လိုလားနှစ်သက်သည့်အချက်များကို သရုပ်ခွဲဆန်းစစ်မှုများမှ စုစည်းရရှိသည့် သက်သေအထောက်အထားများကို အမျိုးအစားအလိုက် ပေါင်းစပ်စုစည်းခြင်း။

လုပ်ငန်း (၂-၃) - လိုအပ်ချက်ဆန်းစစ်မှုလုပ်ငန်းများတွင် ဘေးဒဏ်ခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ခြင်းနှင့် စုဆောင်းရရှိသည့် သက်သေအထောက်အထားများကို ၎င်းတို့နှင့် မျှဝေ၍ အတည်ပြုခြင်း။

လုပ်ငန်း (၂-၄) - ဘေးဒဏ်ခံရပ်ရွာလူထုက ကိုယ်တိုင် ဆုံးဖြတ်ချက်ချမှတ်ရန် လိုအပ်သည့် သတင်းအချက်အလက်များကို ရရှိစေရေးအတွက် ကြီးမားသည့် အတားအဆီးများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လက်ရှိ မဟာဗျူဟာများ၊ အကောင်းဆုံးအလေ့အထများနှင့် ဆန်းသစ်တီထွင်သည့် အကြံဉာဏ်များကို ပြန်လည်သုံးသပ်ခြင်း။

**မျှော်မှန်းရလဒ် (၃) - လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတွင် ဘေးဒဏ်ခံပြည်သူများ၏ ရင်တွင်းစကားသံများ ပါဝင်ပြီး၊ ၎င်းတို့၏ စွမ်းဆောင်ရည်ကို အသိအမှတ်ပြုရမည်။**

လုပ်ငန်း (၃-၁) - လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများအား စီမံချက်ရေးဆွဲရာတွင် ရပ်ရွာလူထုအခြေခံသည့် အဖွဲ့အစည်းများ၊ ရပ်ရွာကိုယ်စားလှယ်များနှင့် လက်တွဲဆောင်ရွက်ပြီး ၎င်းတို့ကို လုပ်ပိုင်ခွင့်ပေးခြင်း။

လုပ်ငန်း (၃-၂) - စီမံကိန်းရေးဆွဲဆောင်ရွက်ရာ၌ AAP/CE ခိုင်မာအားကောင်းစေရေးအတွက် အထူးသဖြင့် ပြည်တွင်းနှင့် ဒေသခံမိတ်ဖက်များအပါအဝင် လူသားချင်းစာနာမှုပါဝင်ဆောင်ရွက်သူများ၏ စွမ်းဆောင်ရည်ကို တိုးတက်စေခြင်း။

လုပ်ငန်း (၃-၃) - ပြည်သူများ၏ ပူးပေါင်းပါဝင်မှုကို အားပေးရန်အတွက် လက်ရှိဖြေရှင်းနည်းများ အပိုင်းပိုင်းဖြစ်နေခြင်းကို လျှော့ချနိုင်မည့် အေဂျင်စီများစွာပါဝင်သော ပေါင်းစပ်ညှိနှိုင်းထားသည့် လုပ်ငန်းများကို ကူညီပေးခြင်း။

**မျှော်မှန်းရလဒ် (၄) - တုံ့ပြန်ရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုကို ကြိုတင်အသိပေးထားသည့် ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှု၊ အကြံပြုချက်ပေးခြင်းစနစ်များဖြင့် ပေါင်းစပ်ညှိနှိုင်း၍ မောင်းနှင်ထားကာ၊ စောင့်ကြည့်စစ်ဆေးနေပြီး လိုအပ်သကဲ့သို့ ချိန်ညှိပြင်ဆင်နေရမည်။**

လုပ်ငန်း (၄-၁) - ထိရောက်သော ပူးပေါင်းပါဝင်မှုနှင့် ပေါင်းစပ်ညှိနှိုင်းရေးကို ခိုင်မာအားကောင်းစေရန် ဒေသခံ ဘာသာစကားအသုံးပြုသည့် ရပ်ရွာလူထုများအတွက် ပေါင်းစပ်ညှိနှိုင်းထားသော နည်းလမ်းများကို တည်ထောင်ပေးခြင်း။

လုပ်ငန်း (၄-၂) – ရပ်ရွာလူထုက လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ တုံ့ပြန်ရေးတွင် ပါဝင်ဆောင်ရွက်သူများ၊ စီမံကိန်းများနှင့် လျာထားချက်သတ်မှတ်သည့် စံနှုန်းများကိုလည်းကောင်း၊ သတင်းအချက်အလက်များ ထပ်မံရရှိရန် သို့မဟုတ် အကြံပြုချက်ပေးရန် သို့မဟုတ် တိုင်ကြားချက်များ တင်ပြရန်အတွက် မည်သည့်နေရာသို့ သွားရမည်ကိုလည်းကောင်း အသိနိုးကြားမှုရှိစေရေးအတွက်၊ မျှော်မှန်းရလဒ် (၂) ပါ လုပ်ငန်းများတွင် ရရှိထားသည့် အကြံပြုချက်များကို အသုံးပြုလျှက်၊ သတင်းအချက်အလက်ပံ့ပိုးပေးရေးစနစ် အမျိုးမျိုးကို နေရာချထားခြင်း၊ ဒေသအလိုက်ပိုင်းခြားဆောင်ရွက်သည့်

စုပေါင်းနည်းလမ်းများကို အရှိန်မြှင့်တင်ခြင်းနှင့် သင့်တော်သော ဘာသာစကားနှင့် ဆက်သွယ်ပြောကြားရေး လမ်းကြောင်းများကို အသုံးပြုခြင်း။

လုပ်ငန်း (၄-၃) – တုံ့ပြန်ရေးစီမံကိန်းများတွင် စီမံကိန်းအား လိုက်လျောညီထွေပြောင်းလဲဆောင်ရွက်မှုနှင့် လမ်းကြောင်းပြင်ဆင်ခြင်းတို့ ပါဝင်စေရေးအတွက် အေဂျင်စီများအကြားလွှဲပြောင်းပေးရေးစနစ်များအတွင်းတွင် အကြံပြုချက်နှင့် တိုင်ကြားချက်ပေးခြင်းဆိုင်ရာ စုပေါင်းလုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းထည့်သွင်းခြင်း။

လုပ်ငန်း (၄-၄) - ရပ်ရွာလူထုထံမှ အကြံပြုချက်များ၊ အမြင်များနှင့် အသေးစိတ်အချက်များကို စုစည်းပေါင်းစပ်ပြီးနောက်၊ ဆုံးဖြတ်ချက်ချမှတ်သူများက ယင်းတို့ကို အရေးယူဆောင်ရွက်နိုင်စွမ်းရှိစေပြီး၊ တုံ့ပြန်ရေးလုပ်ငန်းလမ်းကြောင်းကို လိုအပ်သကဲ့သို့ ပြင်ဆင်နိုင်ရန်နှင့် လိုက်လျောညီထွေပြောင်းလဲနိုင်စွမ်းရှိစေရန်အတွက် စနစ်ကျပြီး ပေါင်းစပ်ညှိနှိုင်းထားသည့် နည်းလမ်းဖြင့် လူသားချင်းစာနာမှုဦးဆောင်သူများ (အလှူရှင်များ/HCT/ICCG) သို့ ပုံမှန် ရှင်းလင်းတင်ပြခြင်း။

လုပ်ငန်း (၄-၅) - စဉ်ဆက်မပြတ်လက်တွဲဆောင်ရွက်မှုနှင့် ဆွေးနွေးပြောဆိုမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် "အကြံပြုချက်ပေးခြင်းလုပ်ငန်းစက်ဝိုင်းကို ပိတ်သိမ်းရန် (close the feedback loop)" အတွက် တိုင်ကြားချက်/အကြံပြုချက်အပေါ် အရေးယူဆောင်ရွက်သည် သို့မဟုတ် အရေးယူဆောင်ရွက်မှုမပြုပါ ဟူသော ဆုံးဖြတ်ချက်များကို ဘေးဒဏ်ခံပြည်သူများနှင့် ရပ်ရွာလူထုသို့ ဆက်သွယ်ပြောကြားခြင်း။

**မျှော်မှန်းရလဒ် (၅) - သင်ယူလေ့လာမှု၊ အရေးယူဆောင်ရွက်မှုနှင့် လိုက်လျောညီထွေပြင်ဆင်မှုတို့ကို အသိပေးလမ်းညွှန်ရန်အတွက် စုပေါင်း AAP လုပ်ငန်းများနှင့် မျှော်မှန်းရလဒ်များ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ ပူးပေါင်းပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အကဲဖြတ်၍ ပြန်လည်သုံးသပ်နေရမည်။**

လုပ်ငန်း (၅-၁) – တာဝန်ခံယူမှုခိုင်မာအားကောင်းစေရေးနှင့် လေ့လာသင်ယူမှုနှင့် စီမံကိန်းလမ်းကြောင်း ကုစားပြင်ဆင်မှုတို့ကို မြှင့်တင်ပေးရေးအတွက် တုံ့ပြန်လုပ်ငန်းတစ်ခုလုံး၏ AAP ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်နှင့် တိုးတက်မှုတို့ကို ဆန်းစစ်အကဲဖြတ်ခြင်း။

လုပ်ငန်း (၅-၂) - တုံ့ပြန်ရေးလုပ်ငန်းများအား အကဲဖြတ်ရန်၊ အတည်ပြုရန်နှင့် ယင်းတို့ထံမှ သင်ခန်းစာထုတ်နုတ်ယူရန်အတွက် ရပ်ရွာလူထု၏ အကြံပြုချက်များ၊ အမြင်များဖြင့် အသိပေးလမ်းညွှန်ပြီး၊ ဘေးဒဏ်ခံရပ်ရွာလူထုက အတည်ပြုထားသည့် ပူးပေါင်းပါဝင်သော လုပ်ငန်းစဉ်တစ်ခုကို ပံ့ပိုးကူညီပေးခြင်း။

လုပ်ငန်း (၅-၃) - အကဲဖြတ်ခြင်းလုပ်ငန်းမှ တွေ့ရှိချက်များနှင့် ထုတ်နုတ်ရရှိသည့်သင်ခန်းစာများကို ဘေးဒဏ်ခံရပ်ရွာလူထုနှင့်လည်းကောင်း၊ နိုင်ငံအဆင့်နှင့် ပြည်နယ်/ဒေသကြီးအဆင့်ရှိ အခြားသော အကျိုးသက်ဆိုင်သူများနှင့်လည်းကောင်း မျှဝေခြင်း။

လုပ်ငန်း (၅-၄) - အကဲဖြတ်ခြင်းလုပ်ငန်းမှ တွေ့ရှိချက်များသည် တုံ့ပြန်ရေးလုပ်ငန်း၏ အခြားသော မဟာဗျူဟာများကိုလည်းကောင်း၊ တုံ့ပြန်ရေးအဆင့်အားလုံး၌ စီမံချက်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်

စောင့်ကြည့်စစ်ဆေးခြင်းအတွက် အနာဂတ်လုပ်ငန်းများကိုလည်းကောင်း အသိပေးလမ်းညွှန်ကြောင်း သေချာစေခြင်း။

**အခြေခံစည်းမျဉ်းများ**

ဤမဟာဗျူဟာအောက်ရှိ AAP/CE လုပ်ငန်းအဖွဲ့၏ လုပ်ငန်းများသည် AAP ကို ဆောင်ရွက်ရာ၌ အောက်ပါအခြေခံစည်းမျဉ်းများကို စွဲမြဲလိုက်နာပါမည် -

- မထိခိုက်မနစ်နာစေခြင်း - ပဋိပက္ခအား ထိရှလွယ်စွာ စဉ်းစားမှုကို လေ့လာဆန်းစစ်မှုများတွင်လည်းကောင်း၊ အကြံပြုချက်နှင့် တိုင်ကြားချက်ပေးခြင်းလုပ်ငန်းစဉ်များတွင်လည်းကောင်း ပေါင်းစည်းထည့်သွင်းခြင်းအားဖြင့် အကျပ်အတည်းအခြေအနေများအောက်တွင် အဓိပ္ပါယ်ပြည့်ဝသည့် လုပ်ငန်းများမှ မရည်ရွယ်ဘဲ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို ကြိုတင်ကာကွယ်ခြင်း အပါအဝင်၊ "မည်သူ့ကိုမျှ မထိခိုက်မနစ်နာစေခြင်း" စည်းမျဉ်းများဖြင့် ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သည့် နည်းလမ်းအားလုံးကို ဆောင်ရွက်ခြင်း။
- ခွဲခြားဆက်ဆံမှုမပြုခြင်း - အကူအညီများ၊ ဝန်ဆောင်မှုများကို လက်လှမ်းမီရယူနိုင်ခြင်း၊ တိုင်ကြားချက်များကို တင်ပြနိုင်ခြင်း၊ အကြံပြုချက်များပေးနိုင်ခြင်း၊ AAP နှင့်သက်ဆိုင်သည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပူးပေါင်းပါဝင်နိုင်ခြင်းစသည့် စွမ်းဆောင်ရည်များကို ထိခိုက်စေနိုင်သည့် အတားအဆီးများကို ဖယ်ရှားရန် သို့မဟုတ် ကျော်လွှားနိုင်ရန် ကူညီပေးခြင်းအပါအဝင် ကျားမတန်းတူညီမျှမှုနှင့် လိင်စိတ်မတူကွဲပြားသူအားလုံး ပါဝင်စေရေးကို တိုးတက်စေရန်အတွက် လိုအပ်သည့် နည်းလမ်းအားလုံးကို ဆောင်ရွက်ခြင်း။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးခြင်းကို လုံးဝသည်းမခံခြင်း - ကျင့်ဝတ်ဆိုင်ရာ စံချိန်စံညွှန်းများကို တင်းကျပ်စွာ စွဲမြဲလိုက်နာကြောင်း သေချာစေရန်နှင့် မိတ်ဖက်အားလုံးက SEA အပေါ် လုံးဝသည်းမခံခြင်းကို အားဖြည့်ပေးရန်အတွက် လိုအပ်သည့် နည်းလမ်းအားလုံးကို ဆောင်ရွက်ခြင်း။
- စည်းမျဉ်းနှင့်အညီဆောင်ရွက်သော လူသားချင်းစာနာမှုလုပ်ငန်း - လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင် လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ဘက်မလိုက်ခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်းဟူသော လူသားချင်းစာနာမှုဆိုင်ရာ အခြေခံစည်းမျဉ်းများကို လေးစားလိုက်နာပြီး၊ လူသားချင်းစာနာမှုလုပ်ငန်းတွင် ပါဝင်နေသူအားလုံးကိုလည်း ဤစည်းမျဉ်းများအား အပြည့်အဝလေးစားလိုက်နာကြရန် အညီအမျှတောင်းဆိုခြင်း။
- ကာကွယ်စောင့်ရှောက်ခြင်း - လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများတွင် ကာကွယ်စောင့်ရှောက်ရေးကို ဗဟိုပြုရေးအတွက် IASC ကာကွယ်စောင့်ရှောက်ရေးမူဝါဒကဲ့သို့သော IASC မှ အတည်ပြုထားသည့် စံချိန်စံညွှန်းများ၊ အလေ့အထများနှင့် ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ ဆက်လက်၍ ဘေးဒဏ်ခံပြည်သူများ၏ လိုအပ်ချက်များနှင့် မတူကွဲပြားသည့် ထိခိုက်လွယ်မှုများအား

လေ့လာဆန်းစစ်မှုပေါ်အခြေခံလျှက် လူသားချင်းစာနာမှုအကူအညီအားလုံးတွင် အခွင့်အရေးအခြေခံသည့် နည်းလမ်းကို လက်ခံကျင့်သုံးခြင်း။

- ဒေသအလိုက်ပိုင်းခြားဆောင်ရွက်ခြင်း - ပူးပေါင်းပါဝင်သည့် နည်းလမ်းတစ်ခုဖြင့်လည်းကောင်း၊ ဒေသတွင်း အရွေ့များ၊ အခြေအနေများအပေါ် နက်ရှိုင်းစွာနားလည်မှုဖြင့်လည်းကောင်း အသိပေးလမ်းညွှန်ထားပြီး ဒေသခံတို့က မောင်းနှင်သည့် နည်းလမ်းဖြင့် လူသားချင်းစာနာမှုစီမံကိန်းများကို ဆောင်ရွက်ကြောင်းသေချာစေခြင်း။
- အခွင့်အရေးအခြေခံသည့် နည်းလမ်း - မြန်မာနိုင်ငံရှိ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရသည့် ပြည်သူများအား ကူညီပေးရာတွင် အခွင့်အရေးကို အခြေခံပြီး ဂုဏ်သိက္ခာရှိစေသော နည်းလမ်းများကို မြှင့်တင်၍ ထိန်းသိမ်းနိုင်ရန် ကူညီပေးခြင်း။
- ပဋိပက္ခကို ထိရှလွယ်စွာ စဉ်းစားခြင်း - ပဋိပက္ခအခြေအနေအား အပြည့်အဝနားလည်ခြင်းဖြင့် AAP လုပ်ငန်းများကို အသိပေးလမ်းညွှန်ကြောင်းသေချာစေပြီး၊ ပဋိပက္ခကို ထိရှလွယ်စွာ စဉ်းစားထားသည့် နည်းလမ်းဖြစ်စေရေးအတွက် ရှင်းလင်းတိကျသည့် လုပ်နည်းလုပ်ဟန်များကို ပေါင်းစည်းထည့်သွင်းဆောင်ရွက်ခြင်း။

**မဟာဗျူဟာ၏ အဓိကမဏ္ဍိုင်များ**

မြန်မာနိုင်ငံ AAPWG သည် အထက်ဖော်ပြပါ ကတိကဝတ်များကို ဖြည့်ဆည်းရန်အတွက် ဆောင်ရွက်သည့် နည်းလမ်းများတွင် အောက်ပါမဏ္ဍိုင်များကို စွဲမြဲပါဝင်စေပါမည် -

**မဏ္ဍိုင် (၁) - ဦးဆောင်မှု - မြန်မာနိုင်ငံ တုံ့ပြန်ရေးလုပ်ငန်း၏ လူသားချင်းစာနာမှုစီမံကိန်းစက်ဝန်းအတွင်းတွင် အလေ့အထကောင်းများကို စွဲမြဲပါဝင်စေမည့် ဦးဆောင်မှုနှင့် စနစ်များကို ခိုင်မာအားကောင်းစေခြင်း**

AAPWG သည် မလျော့ကန်သည့် အပြုအမူပုံစံအားလုံးကို အစီရင်ခံခြင်းအပါအဝင် HCT နှင့် အစုအဖွဲ့များ၏ တာဝန်ခံယူမှုဆိုင်ရာစနစ်များကို အားဖြည့်ပေးပါမည်၊ တချိန်တည်းတွင် AAP ရှုထောင့်အားလုံးနှင့်သက်ဆိုင်သည့် အစီရင်ခံခြင်းနှင့် တာဝန်ခံခြင်းအတွက် ရှင်းလင်းတိကျသော စီမံခန့်ခွဲရေးအဆင့်များကို တည်ထောင်ထားပြီး အားဖြည့်ပေးထားကြောင်း သေချာအောင်ပြုလုပ်ပါမည်။ AAPWG အနေဖြင့် HCT က အကျပ်အတည်းနှင့် ဆက်စပ်သည့် စီမံကိန်းဆောင်ရွက်ရာ၌ လူသားချင်းစာနာမှုစီမံကိန်းစက်ဝန်း တစ်လျှောက်လုံးတွင်လည်းကောင်း၊ လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက်များအပါအဝင် မဟာဗျူဟာစီမံချက်ရေးဆွဲရေး လုပ်ငန်းအဆင့်ဆင့်တွင်လည်းကောင်း AAP ကို ပေါင်းစည်းထည့်သွင်းကြောင်း သေချာအောင်ပြုလုပ်ပါမည်။ ကာလတိုလူသားချင်းစာနာမှုစီမံကိန်းများ၏ ရေရှည်တည်တံ့ခြင်းမရှိသည့် သဘောသဘာဝကြောင့် မြန်မာနိုင်ငံတွင် စုပေါင်း AAP ဆောင်ရွက်ရာ၌ ကွာဟချက်များ ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံအဆင့်ပါဝင်ဆောင်ရွက်သူများက ရပ်ရွာလူထု၏ ရင်တွင်းစကားသံများ၊ အကြံဉာဏ်များ၊ လိုလားနှစ်သက်သည့် အချက်များနှင့်အတူ AAP သို့ လာရောက်နေကြသည့်အတွက်၊ လူသားချင်းစာနာမှုဆိုင်ရာ နိုင်ငံအဆင့်အဖွဲ့အစည်း (HCT) သည် ဒေသတွင်း စွမ်းဆောင်ရည်နှင့် AAP အား

ရေရှည်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိုရှေးရှု၍ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် ပြည်တွင်းအဖွဲ့အစည်းများအတွက် စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် အသိအမှတ်ပြုထားပါသည်။ ထို့အပြင် AAPWG သည် အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့် ဒေသခံအဖွဲ့အစည်းများက ဘေးဒဏ်ခံပြည်သူများနှင့်စပ်လျဉ်းသည့် အသိပညာကို အခြေခံလျှက် လူသားချင်းစာနာမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပိုမိုပါဝင်ပြီး လွှမ်းမိုးနိုင်မည့် နယ်ပယ်များကို စူးစမ်းရှာဖွေပါမည်။ ဤသို့ဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ ဘေးဒဏ်ခံပြည်သူများအတွက် ထိရောက်ပြီး အားလုံးပါဝင်၍ ရေရှည်တည်တံ့သော တုံ့ပြန်ရေးလုပ်ငန်းကို တိုးတက်စေနိုင်မည်ဖြစ်သည်။ ဤမဟာဗျူဟာသည် AAPWG အဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့များ၏ ဝန်ထမ်းများအတွက် AAP အကောင်အထည်ဖော်ရေး နည်းလမ်းများအား တိုးတက်စေနိုင်မည့် စွမ်းဆောင်ရည်ကိုလည်း အားဖြည့်ပေးပါမည်။ ပြည်နယ်/ဒေသကြီးအဆင့်တွင် တာဝန်ခံယူမှုဆိုင်ရာလုပ်ငန်းအဖွဲ့များကို တိုးချဲ့ဖွဲ့စည်း၍ နိုင်ငံအဆင့် AAPWG တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ရေးကို အားပေးရန် ရည်ရွယ်ထားပါသည်။

**မဏ္ဍိုင် (၂) - ပူးပေါင်းပါဝင်မှု - ဘေးဒဏ်ခံပြည်သူများက လူသားချင်းစာနာမှုလုပ်ငန်းများအား ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ကိုလည်းကောင်း၊ လူသားချင်းစာနာမှုစီမံကိန်းစက်ဝန်းတစ်လျှောက်လုံးရှိ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များကိုလည်းကောင်း လွှမ်းမိုး၍ ပုံဖော်ရာတွင် ပါဝင်ခြင်း**

ပူးပေါင်းပါဝင်မှုသည် ဘေးကင်းလုံခြုံပြီး၊ အားလုံးပါဝင်ကာ၊ မတူကွဲပြားသည့် အုပ်စုများကို ကိုယ်စားပြုကြောင်းနှင့် မတူကွဲပြားသည့် အန္တရာယ်ဖြစ်နိုင်ခြေများ၊ ထိခိုက်လွယ်မှုများ၊ စွမ်းဆောင်ရည်များကို နားလည်ထားပြီး တန်းတူမျှတစွာ ပူးပေါင်းပါဝင်မှုကို ဟန့်တားနေသည့် အတားအဆီးများအား လျှော့ချပေးနေကြောင်းသေချာစေရေးအတွက် AAPWG သည် ဘေးဒဏ်ခံပြည်သူများက ပူးပေါင်းပါဝင်နိုင်စွမ်းရှိစေရန် နည်းလမ်းအမျိုးမျိုးကို သုံး၍ သတ်မှတ်ဖော်ထုတ်ပါမည်။

အခြေအနေနှင့်သင့်တော်အောင်အသေးစိတ်ပြင်ဆင်ထားသည့် CFMs များကို ခိုင်မာအားကောင်းစေရန်အတွက်လည်းကောင်း၊ ဒေသခံတို့အား စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ AAP လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် AAP ကိုလုပ်ငန်းတိုင်း၌ ထည့်သွင်းပါဝင်စေခြင်းတို့ကို အခြေခံ၍ CFM အကောင်အထည်ဖော်ခြင်းမှ ရရှိသည့် သင်ခန်းစာများနှင့် အတွေ့အကြုံများကို မျှဝေရန်အတွက်လည်းကောင်း၊ AAP လေ့လာဆန်းစစ်မှုများကို ပံ့ပိုးကူညီရာတွင်လည်းကောင်း၊ ဝေးလံခေါင်းပါးသည့်ဒေသများမှ ပြည်သူများထံသို့ လက်လှမ်းမီရောက်ရှိနိုင်ပြီး ရှေ့တန်းလူသားချင်းစာနာမှုလုပ်သားများဖြစ်ကြသည့် ပြည်တွင်းနှင့် ဒေသခံအရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ဒေသတွင်းအကြောင်းအရာများအပေါ် ပိုမိုနားလည်နိုင်မှုနှင့် ဒေသတွင်းစွမ်းဆောင်ရည်တို့ကို အသိအမှတ်ပြုလျှက်၊ LNGOs များနှင့် CSOs များ၏ အတွေ့အကြုံနှင့် အသိပညာတို့ကို အသုံးချသွားပါမည်။ AAPWG သည် လူသားချင်းစာနာမှုစီမံကိန်းစက်ဝန်း၏ အဆင့်အားလုံးတွင် မြန်မာနိုင်ငံ၏ အခြေအနေနှင့် သင့်လျော်သည့် ပူးပေါင်းပါဝင်ရေးနည်းလမ်းများကို အသေးစိတ်ဖော်ထုတ်ပြင်ဆင်ပြီး လက်ခံကျင့်သုံးပါမည်။

ထိုသို့ကျင့်သုံးရာတွင် ပူးပေါင်းပါဝင်မှုကို အကန့်အသတ်ဖြစ်စေသည့် လက်ရှိ ရှိနေသော မညီမျှမှုများ သို့မဟုတ် ဘက်လိုက်မှုများကို ပိုမဆိုးစေရေးအတွက် အထိခိုက်လွယ်ဆုံးအုပ်စုများ၊ အပယ်အခံရဆုံးအုပ်စုများအပါအဝင် မတူကွဲပြားသည့် အုပ်စုများကိုလည်းကောင်း၊ ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုဆိုင်ရာ အရွေ့များကိုလည်းကောင်း အထူးပြု၍ ထည့်သွင်းစဉ်းစားပါမည်။

**မဏ္ဍိုင် (၃) - သတင်းအချက်အလက်မျှဝေခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း - ဘေးဒဏ်ခံပြည်သူများ၏ သတင်းအချက်အလက်နှင့် နှစ်လမ်းသွားဆက်သွယ်ပြောကြားမှု ရရှိနိုင်ခွင့်ကို ကာကွယ်ပေးပြီး မြှင့်တင်ပေးရန်အတွက် မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှုဆိုင်ရာ သတင်းအချက်အလက်စနစ်များကို ခိုင်မာအားကောင်းစေခြင်း**

ဘေးဒဏ်ခံပြည်သူများသည် ၎င်းတို့အပေါ် သက်ရောက်မှုရှိသော လူသားချင်းစာနာမှုလုပ်ငန်းများ၊ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အားထားရပြီး အချိန်ကိုက်ဖြစ်သော နည်းလမ်းဖြင့် လက်လှမ်းမီရရှိနိုင်အောင် AAPWG က ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရာတွင် အခြေအနေနှင့်သက်ဆိုင်မှုရှိသော သတင်းအချက်အလက်များဖြစ်ခြင်း၊ စာတတ်မြောက်မှုအဆင့်နှင့် ဘာသာစကားမတူကွဲပြားမှုများနှင့် ကိုက်ညီမှုရှိခြင်း၊ ဘေးဒဏ်ခံရပ်ရွာလူထုအနေဖြင့် အကြံပြုချက်များ ပေးနိုင်ရန်အတွက် သင့်လျော်သည့် အခွင့်အလမ်းများကို ရရှိစေခြင်း (ဆိုလိုသည်မှာ အကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်ကိုပိတ်သိမ်းခြင်း) တို့လည်း ပါဝင်ပါမည်။ AAP လုပ်ငန်းအဖွဲ့သည် ဘေးဒဏ်ခံပြည်သူများနှင့် ရပ်ရွာလူထုတို့အား လူသားချင်းစာနာမှုဆိုင်ရာ ကျင့်ဝတ်စံချိန်စံညွှန်းများ၊ ၎င်းတို့က အကြံပြုချက် သို့မဟုတ် တိုင်ကြားချက်ပေးနိုင်သည့် အခွင့်အရေးနှင့် အခြားအခွင့်အရေးများအကြောင်းကို အသိပေးပြောကြားမည်ဖြစ်သည်။

သတင်းအချက်အလက်မျှဝေခြင်းနှင့် နှစ်လမ်းသွားဆက်သွယ်ပြောကြားရေးကို တည်ဆောက်နေစဉ်အတွင်းတွင်၊ အထူးသဖြင့် ရပ်ရွာလူထုဟစ်သံစင်မြင့် (CVP)/ရပ်ရွာလူထုအကြံပြုချက်ပေးခြင်းလုပ်ငန်းစဉ်များ (FMs) အပါအဝင် AAP လုပ်ငန်းများကို တိုးချဲ့ရန်အတွက် ရပ်ရွာလူထု၏ လိုလားနှစ်သက်ချက်များနှင့်အညီ သက်သေအထောက်အထားများကို အခြေခံတည်ဆောက်ခြင်း၊ အကူအညီလုပ်ငန်းအတွက် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပူးပေါင်းပါဝင်မှုနှင့်စပ်လျဉ်းသည့် အလေ့အထကောင်းများကို ဖြန့်ဝေပေးခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့ကို စနစ်တကျ လည်ပတ်ဆောင်ရွက်ရန်ဖြစ်သည်။ ရပ်ရွာလူထု၏ ရင်တွင်းစကားသံအကျဉ်းချုပ်တင်ပြချက် (Community Voices Dashboard)အား ပြုစုထိန်းသိမ်းထားခြင်းနှင့် တွေ့ရှိချက်များအား ဖြန့်ဝေခြင်း၊ သင်တန်းများမှတဆင့် စံချိန်စံညွှန်းများကို ဆက်လက်ဖြန့်ဝေခြင်းတို့သည် ၂၀၂၅ ခုနှစ်အတွင်းတွင် နိုင်ငံအဆင့် AAPWG နှင့် အဖွဲ့ဝင်များ၏ အဓိကလုပ်ငန်းများဖြစ်နေပါမည်။ ရပ်ရွာလူထု၏ အမြင်များ၊ အကြံပြုချက်များနှင့် တိုင်ကြားချက်များကို စုပေါင်းကိုင်တွယ်၍ သရုပ်ခွဲဆန်းစစ်ရန်အတွက်၊ ရပ်ရွာလူထုဟစ်သံစင်မြင့် (CVP) ကို အစပျိုးဆောင်ရွက်ထားပြီး၊ တုံ့ပြန်ရေးလုပ်ငန်းအား ချိန်ညှိခြင်းနှင့်

စီမံကိန်းလမ်းကြောင်းကုစားပြင်ဆင်ခြင်းကို ကနဦးဆောင်ရွက်သည့် အားထုတ်မှုတစ်ခုအဖြစ် ယင်းအစီအစဉ်မှ ရရှိသည့် အကြံပြုချက်များအား HCT ၏ ဆုံးဖြတ်ချက်ချမှတ်မှုကို လွှမ်းမိုးရန်အတွက် စုစည်းအသုံးပြုပါမည်။

**မဏ္ဍိုင် (၄) - ပေါင်းစပ်ညှိနှိုင်းခြင်း - မြန်မာနိုင်ငံတွင် AAP လုပ်ငန်းများကို စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် AAP/CE လုပ်ငန်းအဖွဲ့၊ ပြည်နယ်/ဒေသကြီးအဆင့် AAP/CE လုပ်ငန်းအဖွဲ့နှင့် အခြားသော အစုအဖွဲ့များ၏ ပေါင်းစပ်ညှိနှိုင်းရေးကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း**

AAPWG သည် အေဂျင်စီများအကြား စုပေါင်းတာဝန်ယူခြင်း နည်းလမ်းအပါအဝင် ပေါင်းစပ်ညှိနှိုင်းထားပြီး လိုက်လျောညီထွေပေါင်းစည်းဆောင်ရွက်သော နည်းလမ်းဖြင့် AAP အခြေခံစည်းမျဉ်းများနှင့် ကတိကဝတ်များကို ဖြည့်ဆည်းနိုင်ရန်အတွက် အစုအဖွဲ့များ၊ မိတ်ဖက်အဖွဲ့များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ မြန်မာနိုင်ငံရှိ ဒေသများစွာတို့တွင် ဝင်ရောက်ကူညီသွားလာမှုအခက်အခဲများရှိခြင်းနှင့် သတင်းအချက်အလက်မျှဝေမှု အကန့်အသတ်ရှိခြင်းကြောင့်၊ စုပေါင်း AAP ကို ရေရှည်တည်တံ့စွာဆောင်ရွက်နိုင်ရန်၊ ဒေသခံအဖွဲ့အစည်းများက ဘေးဒဏ်ခံပြည်သူများအပေါ် နက်ရှိုင်းစွာနားလည်ထားမှုများကို စုဆောင်းနိုင်ရန်နှင့် တစ်ဦးချင်းတစ်ဖွဲ့ချင်း၏ အားထုတ်ကြိုးပမ်းမှုများကို အတူတကွစုစည်းနိုင်ရန်အတွက် နိုင်ငံအဆင့် AAP လုပ်ငန်းအဖွဲ့နှင့် ပြည်နယ်/ဒေသကြီးအဆင့် AAP လုပ်ငန်းအဖွဲ့များ၏ ပေါင်းစပ်ညှိနှိုင်းရေးဖိုရမ်များကို ခိုင်မာအားကောင်းအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်းအားဖြင့် အားလုံးပိုမိုပါဝင်သော စုပေါင်းနည်းလမ်းတစ်ခုဖြစ်စေရန် ပါဝင်ကူညီပါမည်။ ဤသို့ဖြင့် နိုင်ငံအဆင့် AAPWG သည် ပြည်နယ်/ဒေသကြီးအဆင့် လုပ်ငန်းအဖွဲ့များကို အားဖြည့်ပေး၍ တိုးချဲ့စေပြီး၊ နိုင်ငံအဆင့် AAPWG ၌ ၎င်းတို့၏ ပါဝင်ကူညီမှုကို တိုက်တွန်းအားပေးပါမည်။ ၂၀၂၅ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံရှိ ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူမှုတိုးတက်စေရေးအတွက် အတွေ့အကြုံနှင့် အကောင်းဆုံးအလေ့အထများအား မျှဝေပေးခြင်းထက်ကျော်လွန်၍ နိုင်ငံအဆင့် AAPWG မှတဆင့် ပူးတွဲကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ဆောင်ရွက်ပါမည်။ AAPWG သည် ရပ်ရွာလူထု၏ ရင်တွင်းစကားသံများကို ပိုမိုကျယ်လောင်စွာကြားရစေရန်၊ အကျပ်အတည်း၏ နောက်ကြောင်းရာဇဝင်ကို တင်ပြရန်နှင့် ယင်းအကျပ်အတည်းကြောင့် ဖြစ်ပေါ်သည့် အလွှာစုံသက်ရောက်မှုများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်များကို ထောက်ပံ့ပေးရန်အတွက် အခြားသော ပေါင်းစပ်ညှိနှိုင်းရေးဖိုရမ်များ၊ မီဒီယာအဖွဲ့အစည်းများနှင့် မိတ်ဖက်ဖွဲ့စည်းဆောင်ရွက်ပြီး၊ အောင်မြင်မှုများ၊ ကျရှုံးမှုများ၊ ဆန်းသစ်တီထွင်မှုများနှင့် ကွာဟချက်များကို ရှာဖွေဆန်းစစ်ပါမည်။ ထို့အပြင် လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးစီမံချက်များအား ပြုစုရေးသားရာ၌ AAP အလေ့အထများကို မြှင့်တင်ပေးရေးအတွက် အစုအဖွဲ့အားလုံးထံမှ အကြံဉာဏ်များကို အခြေခံထားသည့် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းတစ်ခုကို အသုံးပြုလျှက် HCT ၏ အောက်တွင် ပြုစုသည့် နိုင်ငံအလိုက်မဟာဗျူဟာ စာရွက်စာတမ်းများ၌ AAP အားပေါင်းစပ်ထည့်သွင်းရေးကို မြှင့်တင်ဆောင်ရွက်ပါမည်။

## အုပ်ချုပ်မှုစနစ်

ဘေးဒဏ်ခံပြည်သူများအပေါ် တာဝန်ခံယူမှု (AAP)သည် လူသားချင်းစာနာမှုဆောင်ရွက်သူများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများက ၎င်းတို့ ကူညီပေးနေသည့် ရပ်ရွာလူထုကိုရှေးရှု၍ ကျင့်ဝတ်၊ တာဝန်ရှိမှုနှင့် လေးစားမှုတို့ကို အလေးအနက်ထားလျှက် ထက်သန်စွာလက်ခံဖြည့်ဆည်းရမည့် အရေးကြီးသော ကတိကဝတ်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဓိကစံချိန်စံညွှန်းများ (CHS)၊ Grand Bargain 2.0 ကတိကဝတ်များ၊ IASC ၏ AAP ဆိုင်ရာ ကတိကဝတ်များနှင့် ကိုက်ညီသည့် ဤနည်းလမ်းသည် ထိခိုက်ခံရသူများ၏ မွေးရာပါဂုဏ်သိက္ခာ၊ ကျွမ်းကျင်မှုနှင့်တစ်ဦးချင်းစွမ်းဆောင်ရည်များကို အသိအမှတ်ပြုထားပြီး၊ လူသားချင်းစာနာမှုအေဂျင်စီများအား စီမံကိန်း၏ အဆင့်အားလုံးတွင် ဘေးဒဏ်ခံရပ်ရွာလူထု၏ အမြင်များကို နားထောင်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် ညွှန်ကြားပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံအဆင့် AAPWG လုပ်ငန်းအဖွဲ့သည် ဤစည်းမျဉ်းနှင့်အညီ NGOs များ/CSOs များ/ CBOs များနှင့် ကုလသမဂ္ဂအေဂျင်စီများအပါအဝင် လူသားချင်းစာနာရေးကဏ္ဍတစ်ခုလုံးမှ မတူကွဲပြားသည့် အကျိုးသက်ဆိုင်သူများကို စုစည်းဆောင်ရွက်ပါသည်။ AAPWG သည် လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းအားလုံးတွင် စုပေါင်းတာဝန်ခံယူမှုရှိကြောင်းသေချာစေပြီး၊ ရပ်ရွာလူထုနှင့် ခိုင်မာစွာလက်တွဲဆောင်ရွက်ရေးကို အားပေးမွေးမြူရန်နှင့် စုပေါင်း AAP စနစ်များအတွင်းသို့ ကျားမ၊ အသက်အရွယ်၊ မသန်စွမ်းမှုနှင့် အခြားသော အပယ်ခံရပ်ရွာပြည်သူများအားလုံးပါဝင်ရေးကို ပေါင်းစည်းထည့်သွင်း၍ လုပ်ငန်းတိုင်း၌ ပါဝင်စေရန် ရည်ရွယ်ထားသည်။

လူသားချင်းစာနာမှုဆိုင်ရာစီမံကိန်းများဆောင်ရွက်ရာ၌ အဓိကပါဝင်ဆောင်ရွက်သူများကို ကိုယ်စားပြုပြီး အားလုံးပါဝင်သည့် ဦးဆောင်မှုဖြစ်စေရေးအတွက်၊ အဖွဲ့ဝင်များက ပြုလုပ်သော အောက်ပါဆုံးဖြတ်ချက်များကို အခြေခံ၍ AAPWG ကို ပူးတွဲဥက္ကဋ္ဌ (၃) ဦးက ဦးဆောင်ပါသည် -

- ဒေသခံ NGO/CSO တစ်ဖွဲ့ (Braveheart Foundation)
- နိုင်ငံတကာ NGO  တစ်ဖွဲ့ (Plan International Myanmar)
- ကုလသမဂ္ဂ အဖွဲ့အစည်း/အေဂျင်စီတစ်ဖွဲ့  (International Organisation for Migration)

AAP လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများသည် AAPWG အဖွဲ့ဝင်များနှင့်လည်းကောင်း၊ အခြားသော ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များနှင့်လည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ ဤမဟာဗျူဟာအား အကောင်အထည်ဖော်ဆောင်မှုကို ဦးဆောင်ပါမည်။ သို့ဖြစ်၍ ပူးတွဲဥက္ကဋ္ဌများသည် AAPWG ၏ ပိုမိုကျယ်ပြန့်သော အဖွဲ့ဝင်များနှင့် HCT/ICCG အပေါ် တာဝန်ခံရမည်ဖြစ်သည်။ ထို့အပြင် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းအား AAP ဆိုင်ရာ အဓိက ကတိကဝတ်များဖြင့် အသိပေးလမ်းညွှန်ထားကြောင်းသေချာစေရေးအတွက် ဤပူးတွဲဥက္ကဋ္ဌများသည် Grand  Bargain ကတိကဝတ်များနှင့် နှိုင်းယှဉ်ထားသည့် စုပေါင်း AAP ဆိုင်ရာ လုပ်ငန်းတိုးတက်မှုအခြေအနေကို အစုအဖွဲ့များနှင့်ပေါင်းစပ်ညှိနှိုင်း၍ HCT သို့ အစီရင်ခံရပါမည်။

ဤမဟာဗျူဟာ၏ သီးသန့်လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်မှုကို အထောက်အကူပြုရန်အတွက် ဦးဆောင်သူများ သို့မဟုတ် အဖွဲ့ဝင်များက လိုအပ်သည်ဟု ထင်မြင်ယူဆပါက၊ သီးသန့်လုပ်ငန်းတာဝန်များနှင့် အချိန်ဇယားများအတိုင်း ဆောင်ရွက်မည့် ပိုမိုသေးငယ်သော နည်းပညာဆိုင်ရာအဖွဲ့များ/ အထူးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပါမည်။ ထို့အပြင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းတွင် AAP ၏ အနှစ်သာရအချက်အမျိုးမျိုးတို့ကို ပေါင်းစည်းထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်မှုကို ပံ့ပိုးကူညီပေးရန်အတွက် လူသားချင်းစာနာမှုတုံ့ပြန်ရေးလုပ်ငန်းများအား ဆောင်ရွက်နေစဉ်အတွင်းတွင် ဦးဆောင်သူများသည် AAP WG အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ယာယီအဖွဲ့များကိုလည်း ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

AAPWG သည် ICCG ၏ အဖွဲ့ဝင်တစ်ဦးအနေဖြင့် လေ့လာဆန်းစစ်မှုပုံစံစာရွက်များ၊ အစုအဖွဲ့အလိုက်စီမံချက်များ၊ လူသားချင်းစာနာမှုလိုအပ်ချက်များနှင့် တုံ့ပြန်ရေးမဟာဗျူဟာစာရွက်စာတမ်းများတွင် AAP ကို ပေါင်းစည်းထည့်သွင်းပါမည်။ ထို့အပြင် HCT ၏ မဟာဗျူဟာအားလုံးတွင် စုပေါင်းတာဝန်ခံယူဆိုင်ရာ နည်းလမ်းများကို ပေါင်းစည်းထည့်သွင်းထားကြောင်းနှင့် ဘေးဒဏ်ခံပြည်သူများက လူသားချင်းစာနာမှုတုံ့ပြန်ရေး လုပ်ငန်းတစ်လျှောက်လုံးတွင် မည်သို့ ချိတ်ဆက်ပါဝင်မည်၊ HCT သည် ဘေးဒဏ်ခံပြည်သူများနှင့် ပုံမှန်ချိတ်ဆက်ခြင်းနှင့် တုံ့ပြန်ရေးလုပ်ငန်းစောင့်ကြည့်စစ်ဆေးမှုများကို အခြေခံလျက် စီမံကိန်းဆောင်ရွက်မှုများအား မည်သို့ ချိန်ညှိမည်ကို ဖော်ပြထားကြောင်း သေချာစေရေးအတွက် ပူးတွဲဥက္ကဋ္ဌများက ဆောင်ရွက်ပါမည်။

**လုပ်ငန်းစီမံချက်**

နောက်ဆက်တွဲ (၁) တွင်ကြည့်ပါ။